## ဃ။ သက္ကစ္စဝဂ်

[ ဤမှ နောက်၌ ဆွမ်းစားမှုနှင့် စပ်သော သိက္ခာပုဒ်များ လာလိမ့်မည်။ ]

**သက္ကစ္စဘုဉ္ဇနသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....မကျန်းမာသူတို့သည် ထမင်းစားသော အခါ မစားချင့် စားချင် စားလေ့ရှိကြ၏၊ ရဟန်း သာမဏေတို့မှာ ကျန်းမာနေလျှင် ထိုကဲ့သို့ မစားချင့် စားချင် မစားဘဲ ကောင်းမွန်စွာ (စိတ်ပါလက်ပါ)စားရသည်၊ [ သက္ကစ္စ=လေးလေးစားစား+ဘုဉ္ဇန=စားခြင်း ]

**ပတ္တသညီဘုဉ္ဇနသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းစားသောအခါ ဟိုကြည့်သည်ကြည့် ကြည့်၍ရင်း, ငေး၍ရင်း မစားရ၊ ဟိုကြည့် သည်ကြည့် ကြည့်၍ရင်း, ငေး၍ရင်း စားနေလျှင် သပိတ်ထဲသို့ ဆွမ်းဖြစ်စေ ဟင်းဖြစ်စေ ထည့်နေသည်ကိုလည်း မသိ၊ ထည့်ပြီးသည်ကိုလည်း မသိဘဲ ဖြစ်တတ်သည်၊ ထို့ကြောင့် သပိတ်၌ အမှတ်သညာ ထား၍ စားရသည်၊ [ ပတ္တသညီ=သပိတ်၌ သညာရှိသည်ဖြစ်၍+ဘုဉ္ဇန=စားခြင်း။ ]

**သပဒါန သိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းစားသော အခါ သပိတ်ထဲမှာရှိသော(ပန်းကန်ပြားထဲမှာ ရှိသော) ဆွမ်းကို ဟိုနားကယူလိုက် သည်နားက ယူလိုက်နှင့် မစားရ၊ အစမှစ၍ အစဉ်အတိုင်း ယူစားရသည်၊ သူတပါးအား ပေးလိုလျှင်ကား ယူချင်တဲ့ အပိုင်းကို ယူ၍ ပေးနိုင်ပါသည်။ [သပဒါန=အစဉ်အတိုင်း။]